စာစောင်



# သင့်မွေးစကလေးကို ကြက်ညှာချောင်းဆိုးရောဂါမှ ကာကွယ်ပါ။

ကိုယ်ဝန်ရှိချိန်မှာ ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးထိုးခြင်းက သင့်မွေးစကလေးကို သန္ဓေတည်သည့်နေ့ မှစပြီး အကာအကွယ် ပေးနိုင်ပါသည်။

## ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် အရေးကြီးသော အချက်များ

- ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးကို ၂၈ ပါတ်မြောက်မှာထိုးခြင်းသည် သင့်ကလေး အသက် ခြောက်ပါတ်ပြည့်ချိန်မှာ ပထမဆုံး သူတို့ကိုယ်တိုင်ကို ကာကွယ်ဆေးထိုးသည့်အချိန်အထိ အကောင်းဆုံး ကာကွယ်ပေးသည့်နည်း ဖြစ်ပါသည်။
- ကာကွယ်ဆေးသည် နယူးဆောက်သ်ဝေးလ်စ်ပြည်နယ်တွင် ကိုယ်ဝန်ဆောင်များအတွက်ယခုအခါ အခမဲ့ဖြစ်ပါသည်။
- သင့်ကလေးသည် အသက် ခြောက်ပါတ်မြောက်တွင် ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးထိုးရန် ဆက်လက်လိုအပ်နေပါလိမ့်မည်။
- ကြက်ညှာချောင်းဆိုးရောဂါသည် ပြင်းထန်ပြီး အသက်အန္တရာယ် ဖြစ်စေရန် အလားအလာရှိသော ရောဂါဖြစ်ပါသည်။

## ကြက်ညှာချောင်းဆိုးရောဂါဆိုတာ ဘာလဲ။

(Pertussis) ဟုလည်းခေါ်ကြသည့် ကြက်ညှာချောင်းဆိုးရောဂါသည် အကြိမ်ကြိမ် ပြင်းပြင်းထန်ထန် ချောင်းဆိုးစေသည့် ဘက်တီးရီးယားကြောင့်ဖြစ်သော အလွန်ပင် ကူးစက်လွယ်သည့် ရောဂါဖြစ်သည်။ အရွယ်ရောက်ပြီးသူများအတွက် ရောဂါလက္ခဏာ မပြင်းထန်နိုင်သော်လည်း အကယ်၍ ကာကွယ်ဆေးမထိုးရသေးသော ကလေးငယ်ကို ရောဂါကူးစက်မည်ဆိုပါက အသက်အန္တရာယ် စိုးရိမ်ရပါသည်။

## ကျွန်ုပ်၏ကလေးမှာ အန္တရာယ်ရှိသလား။

ဟုတ်ကဲ့။ ရှိပါသည်။ ကလေးများကို အသက် ခြောက်ပါတ်မပြည့်မချင်း ကာကွယ်ဆေး မထိုးပေးနိုင်ပါ။ ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင် အမျိုးသမီးတိုင်း ၂၈ ပါတ်မြောက်မှာ ထိုးခြင်းသည် အကောင်းဆုံးဖြစ်ပြီး သင့်ခန္ဓာကိုယ်ကို ရောဂါကာကွယ်သော ပဋိပစ္စည်းများ အချိန်မီထုတ်လုပ်နိုင်စေကာ သင့်ကလေးမမွေးမီ သူ့ထံသို့ လွှဲပြောင်းပေးရန် အချိန်ရစေသည်။ ဤ ရောဂါကာကွယ်သော ပဋိပစ္စည်းများက သင့်ကလေးကို သူတို့ကိုယ်တိုင် ဆေးထိုးခံရန် အဆင်သင့်ဖြစ်သည့် အသက် ခြောက်ပါတ်မြောက် အချိန်အထိ သင့်ကလေးကို အကာအကွယ် ပေးသွားမည်ဖြစ်သည်။

## ရောဂါကာကွယ်ဆေးက ဘေးအန္တရာယ် ကင်းပါသလား။

ဟုတ်ကဲ့။ ကင်းပါသည်။ ကိုယ်ဝန်ဆောင်ဆဲကာလတွင် ကာကွယ်ဆေးထိုးပါက ကာကွယ်ဆေးသည် မိခင်ရော ကလေးအတွက်ပါ အန္တရာယ် ကင်းပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံတို့တွင် ကိုယ်ဝန်ဆောင်အမျိုးသမီး ၄၀,၀၀၀ ကို သုတေသနပြုရာတွင် ကာကွယ်ဆေးထိုးနှံသည့် လက်မောင်းတွင်သာ နာကျင်ခြင်း သို့မဟုတ် အနီရောင်သန်းခြင်းကဲ့သို့ မပြင်းထန်သော ဘေးထွက်ဆိုးကျိုးများကို တွေ့ရှိရပါသည်။ ၎င်းသည် ကိုယ်ဝန်ဆောင်ဆဲကာလတွင် နောက်ဆက်တွဲ အရှုပ်အထွေးများ ဆင့်ပွားဖြစ်နိုင်သည့် အန္တရာယ်ကို တိုးမလာစေပါ။ တစ်ပြည်လုံးဆိုင်ရာ ကျန်းမာရေးနှင့် ဆေးသုတေသန ကောင်စီကလည်း ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်ချိန် တတိယသုံးလပါတ်တွင် ကာကွယ်ဆေးထိုးကြရန် မကြာသေးမီက အချိန်နှင့်တပြေးညီ အကြံပေးတိုက်တွန်းထားပါသည်။

## ကျွန်ုပ် ဘာလုပ်ရန် လိုအပ်သလဲ။

သင့် ကိုယ်ဝန်ဆောင်ချိန် တတိယသုံးတွင် ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေး အခမဲ့ထိုးရန်အတွက် သင့် ဆရာဝန်နှင့် ယနေ့ပင် ဆွေးနွေးပါ။

ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးမှ သင်ရရှိသော ရောဂါပြီးစနစ်သည် အချိန်ကာလကြာလျှင် ပျက်ပြယ်တတ်သောကြောင့် သင် ကိုယ်ဝန်ဆောင်တိုင်း ၂၈ ပါတ်ခန့်တွင် ကာကွယ်ဆေးထိုးရန် လိုအပ်ပါသည်။

သင့်ကလေး မွေးပြီး ပထမဆုံးရက်သတ္တပါတ်များမှာ သူ့ကို အနီးကပ်ဆုံး ထိတွေ့နေမည့်သူများသည်လည်း ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးထိုးထားကြရန် အရေးကြီးပါသည်။ အခြားသောကလေးများသည်လည်း သူတို့၏ ရောဂါကာကွယ်ဆေးထိုးခြင်းသည် အချိန်နှင့်တပြေးညီဖြစ်ရန် အရေးကြီးသည့်အပြင် လွန်ခဲ့သော ၁၀ နှစ်အတွင်းက ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေး မထိုးရသေးသည့် ပြုစုစောင့်ရှောက်သူများနှင့် မိသားစုဝင်များအား သင့်ကလေးနှင့် လုံးဝ မထိတွေ့စေမီ အနည်းဆုံး နှစ်ပါတ်မတိုင်မီ ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးကို မထိုးမဖြစ် ထိုးကြရန် ပြောပါ။

သင် ကိုယ်ဝန်ဆောင်ဆဲကာလ မည်သည့်အချိန်တွင်မဆို ထိုးနိုင်သည့် တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးပေးရန် သင့်ဆရာဝန်ကို ဆွေးနွေးခြင်းအားဖြင့် သင်သည် ကိုယ်ဝန်ဆောင်ဆဲကာလတွင် သင်ကိုယ်တိုင်အတွက်နှင့် သင့်ကလေးအတွက်ပါ တုပ်ကွေးရောဂါ၏ ဘေးအန္တရာယ်ဖြစ်စေနိုင်သော အကျိုးဆက်များမှ ကာကွယ်နိုင်ပါသည်။

*ကိုယ်ဝန်ဆောင်ဆဲကာလတွင် ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေး အခမဲ့ထိုးခြင်းသည် သင့်မွေးစကလေးကို သန္ဓေတည်သည့်နေ့ မှစတင်ပြီး အကာအကွယ်ပေးရန် အကောင်းဆုံးနည်းဖြစ်ပါသည်။*
*ကာကွယ်ဆေးများနှင့်ပတ်သက်ပြီး သင့်ဆရာဝန်နှင့် ဆွေးနွေးပါ။*

ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးထိုးနှင့်ပတ်သက်သော နောက်ထပ်သိကောင်းစရာ အချက်အလက်များကို **www.health.nsw.gov.au/whoopingcough** တွင် ဖတ်ရှုနိုင်ပါသည်။

NSW GOVERNMENT | Health

Burmese

**health.nsw.gov.au/protectnewborns** ကို ဖွင့်ဖတ်ပါ။